ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်
အမျိုးသားညီညွတ်ရေး အစိုးရ - NUG
နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန

ချက်ခြင်း ထုတ်ပြန်ရန်
၂၀၂၁ ခုနှစ် ဧပြီလ ၂၃ ရက်

မြန်မာနိုင်ငံတွင် ဖြစ်ပေါ်နေသော အရေးအခင်းကြီးအတွက် ဖြေရှင်းနည်းကို အထောက်အကူပြုပေးမည့် တွေ့ဆုံပွဲများကို မူအားဖြင့် ကြိုဆိုပါသည်။ သို့သော် မြန်မာပြည်သူများအား ထည့်သွင်းခြင်းမပြုဘဲ မြန်မာပြည်သူများကို သတ်ဖြတ်နေသော လူသတ်ခေါင်းဆောင် မင်းအောင်လှိုင်ကို ထည့်သွင်းခြင်းက အကူအညီ ဖြစ်နိုင်ခြေ မရှိပါ။

မြန်မာနိုင်ငံနှင့် မြန်မာပြည်သူများကို တရားဝင် ကိုယ်စားပြုသည့် အမျိုးသား ညီညွတ်ရေး အစိုးရသည် လာမည့် ၂၄ နာရီအတွင်း ပြုလုပ်မည့် ဧပြီလ ၂၄ ရက်နေ့ အစီအစဉ် အပါအဝင် မြန်မာနိုင်ငံဆိုင်ရာ အာဆီယံ အစည်းအဝေးတိုင်းတွင် ပါဝင်တက်ရောက်ရန် အတွက် အဆင်သင့် ရှိနေပါသည်။

မြန်မာနိုင်ငံဆိုင်ရာ အစည်းအဝေးတစ်ခုတွင် တရားမဝင်သော စစ်အာဏာရှင်ကို ထည့်သွင်းခြင်း မပြုသင့်ကြောင်းနှင့် အောက်ပါ အရေးကြီးလှသော အခြေအနေအောက်တွင်သာ ထည့်သွင်းသင့်ကြောင်း ကျွန်ုပ်တို့က လေးနက်စွာ ယုံကြည်ပါသည်။ စစ်အာဏာရှင်သည် အောက်ပါ အခြေအနေများကို လိုက်နာကျင့်သုံးပြီး ၎င်းတို့ကို စောင့်ထိန်းကြောင်း သက်သေပြရပါမည်။ ဤနည်းကသာလျှင် ဒီမိုကရေစီ ပြန်လည်ဖော်ဆောင်ရေး၊ တည်ငြိမ်မှု ပြန်လည်ရရှိရေးနှင့် လူမျိုးတုန်းသတ်ဖြတ်မှုဖြစ်ပေါ်လာစေမည့် ပြည်တွင်းစစ်ကြီးကို တားဆီးနိုင်ရေးအတွက် တစ်ခုတည်းသော နည်းလမ်း ဖြစ်ပါသည်။

၁။ အရပ်သားပြည်သူများအား သတ်ဖြတ်ခြင်းကို ရပ်ပါ။ စစ်အာဏာရှင်သည် စစ်အာဏာသိမ်းချိန်ကစ၍ မြန်မာအရပ်သားပြည်သူ ၇၄၀ ကျော်ကို သတ်ဖြတ်ခဲ့ပြီး သေဆုံးသူအရေအတွက်က နေ့စဉ်နှင့်အမျှ တိုးများလာနေသည်။

၂။ လူနေရပ်ကွက်များတွင် အစီအစဉ်ချမှတ် တိုက်ခိုက်နေမှုကို ရပ်ပါ။ ကလေးများ အပါအဝင် အရပ်သား ပြည်သူ အများအပြား သေဆုံးနေကြရသည့် ပြည်သူများ၏ နေအိမ်များသို့ ထင်သလို လက်နက်များဖြင့် ပစ်ခတ်နေမှုများ ရပ်ပါ။

၃။ ရွာများကို ဗုံးကြဲနေခြင်း၊ လက်နက်ကြီးများဖြင့် ပစ်ခတ်နေခြင်းကို ရပ်ပါ။ ယင်းလုပ်ရပ်များကြောင့် သေဆုံး ဒဏ်ရာရသူ အများအပြားရှိနေပြီး ပြည်သူများ ထောင်သောင်းချီ၍ အိုးအိမ်များကို စွန့်ခွာ ထွက်ပြေးနေကြရသည်။

၄။ ကျန်းမာရေး စောင့်ရှောက်မှု၊ ဆေးကုသမှု လိုအပ်နေသူများအား ဆေးကုသမှု မရရှိစေရန် ပိတ်ပင် တားဆီးမှုများကို ရပ်တန့်ပါ။ ဤလုပ်ရပ်တွင် အောက်ပါတို့ကို ချက်ခြင်း ရပ်တန့်ရန် သဘောတူရမည် - (၁) ဆေးရုံဆေးခန်းများကို သိမ်းပိုက်နေရာယူထားခြင်း၊ (၂) ဆေးကုသရေး ဝန်ထမ်းများအား ဖမ်းဆီးခြင်းနှင့် တိုက်ခိုက်ခြင်း၊ (၃) ဒဏ်ရာရရှိသူများထံသို့ မသွားရောက်နိုင်ရန် အရေးပေါ် ဆေးဝန်ထမ်းများအား တားဆီးပိတ်ပင်ခြင်း။

၅။ စစ်အာဏာသိမ်းချိန်ကစပြီ ဖမ်းဆီးခဲ့သည့် နိုင်ငံရေးအကျဉ်းသား ၃၃၀၀ ကျော်ကို အကြွင်းမဲ့ ချက်ခြင်း ပြန်လွှတ်ပေးပြီး ဆန္ဒပြသူများ၊ CDM လုပ်သူများနှင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုသည့် လူ့အခြေခံအခွင့်အရေးကို ကျင့်သုံးနေသူများအား ဥပဒေမဲ့ ဖမ်းဆီးမှုများ ရပ်ပါ။

၆။ စစ်အာဏာသိမ်းမှုကို အဆုံးသတ်ပါ။ အကြမ်းဖက်မှုအားလုံးကို အဆုံးသတ်ပါ။ မြန်မာနိုင်ငံ၏ ရွေးကောက်ခံ အစိုးရဖြစ်သည့် အမျိုးသား ညီညွတ်ရေးအစိုးရ - NUG ထံ အာဏာပြန်လည် အပ်နှင်းပါ။

ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် တရားမဝင် စစ်အာဏာသိမ်းခဲ့သည့်နောက်ပိုင်း ဖြစ်ပေါ်နေသည့် ကျွန်ုပ်တို့၏ နိုင်ငံ၊ ကျွန်ုပ်တို့၏ ဒေသတွင်းက အရေးအခင်း ပြဿနာကို ကူညီဖြေရှင်းပေးလိုသည့် အရှေ့တောင် အာရှ နိုင်ငံများအဖွဲ့ (အာဆီယံ) ကို အလေးအနက် ကျေးဇူးတင်ရှိပါကြောင်း ထပ်မံ ပြောဆိုလိုပါသည်။

ဒေါက်တာ ဆာဆာ
နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေး ပြည်ထောင်စုဝန်ကြီးနှင့် ပြောခွင့်ရပုဂ္ဂိုလ်
မြန်မာနိုင်ငံ အမျိုးသားညီညွတ်ရေး အစိုးရ